PUBLISHED BY VIEW

# ဈါး

မျှော်လင့်ခြင်းလမ်းမှာ
တစ်တောလုံးပန်းတွေပွင့်ခဲ့ပေါ့

COVER-IDEA KYAW

# အခန်း (၁)

"ဟာ. . တကယ့်ကွိုင်ပဲ မေမေရာ. . ကိုကြီးကိုလွှတ်လို့ မရဘူးလား. ."

"မရလို့ ပေါ့ဆန်းရယ် . . သားကြီးက ဖအေ့ကိုယ်စားဟိုသွားရ ဒီလာရနဲ့ ဘယ်မှာ အားတယ်ရှိလို့ လဲ. . သွားလိုက်နော်သား တော်ကြာ နောက်ကျနေလို့ မိန်းကလေးတစ်ယောက်တည်း ဒုက္ခတွေရောက်နေပေ့ါမယ်ကွယ်. ."

ဆန်းမျက်နှာ မဲ့ရွဲ့နေသည် ။

မျက်နှာပေါ်မှာ ရော ဂုတ်ပေါ်မှာ ပါ ဖရိုဖရဲဝဲကျနေသည့် ဆံပင်တွေကို နဖူးပေါ်သပ်တင်လိုက် နောက်ကိုထိုးဖွလိုက်။

နီကျင့်ကျင့်ဆံပင်ပါးပါးပျော့ပျော့က ဘယ်လိုဖွဖွ သိမ်းသိမ်း ဒီလိုပုံစံပြန် ဖြစ်၏။

ဒေါ်မေရီဆန်းက သားဖြစ်သူကိုကြည့်၍ ပြုံးလိုက်သည် ။

"ကဲပါသားရယ်. . သားသွားစရာရှိတာ နောက်တော့သွားပါ. . ခုဟာက . . ဟိုကလာမှာ မိန်းကလေးတစ်ယောက်တည်း မြို့ကြီးပြကြီးကို ရောက်ဖူးတာလည်း မဟုတ်ဘူး ၊ သွားကြိုတာလွဲသွားရင် မတွေးဝံ့စရာ မို့ပါ. . သွားလိုက်နော်"

ဆန်းက စားပွဲပေါ်တွင် တင်ထားသည့် ကားသော့ကို လှမ်းယူလိုက်သည် ။

"ဆန်းသွားကြိုပေးမယ် ဒါပေမဲ့ အပြန်နောက်ကျရင်တော့ မဆူနဲ့နော်. ."

"ဟင်. . ဘာဖြစ်လို့ နောက်ကျရမှာ လဲ. . ဘာလုပ်မလို့ လဲသားရဲ့ . ."

မေမေ့ကို နောက်ပြန်လက်ခါပြခဲ့ပြီး ကားမောင်းထွက်လာခဲ့သည် ။ ဒီနေ့ လင်းလဲ့နဲ့ ချိန်းထားသည် မို့ အထူးစိတ်စောနေမိကာမှ မေမေလုပ်ချလိုက်တာ အားလုံးလွဲကုန်ပြီ။

အဖြူရောင်စူပါဆလွန်းကားလေးက အဝေးပြေးဂိတ်ဝန်းကြီးထဲတွင် ကွေ့ဝင်လာခဲ့သည် ။

အဝင်ဝမှာ ဂိတ်ကြေးပေးပြီး အထဲရောက်တော့ ရှုပ်ယှက်ခတ်နေသည့် ကားဂိတ်တွေကို မနည်းရှာယူရသည် ။

တွေ့ပြီ၊ 'ရွှေမန်းသူ'ဆိုသည့် အဝေးပြေးကားကြီး။

မှောင်လဲ့နေသော မှန်ပြာကြီးတွေနှင့် အဲယားကွန်းကားကြီးက ကားပေါ်ကနေဆင်းနေဆဲ၊ ပစ္စည်းတွေချနေဆဲ၊ လူများ နှင့် မကြာသေးမီကမှ ဆိုက်ရောက်လာသည် မှန်းသိသာလေသည် ။

"ကားငှားမလားအန်တီ. . ဈေးမများ စေရဘူး. . ချက်ချင်းထွက်ပေးမှာ "

"အစ်မ. . ကားငှားမလား"

ကားပေါ်မှာ လူအနည်းငယ်သာကျန်တော့သည် ၊ အငှားကားသမားများက ခရီးသည် တွေလက်ထဲက အိတ်တွေခြင်းတွေကို လုပဲဆွဲတော့မ

လိုလို လူကိုပဲပွေ့ခေါ်တော့မလိုလို အလုအယက် ခေါ်တင်နေကြသည် ။

ဆန်းကားပေါ်ကနေ အတန်ကြာလှမ်းကြည့်နေပြီးမှ အောက်ဆင်းဖြစ်၏။

"နောက်ကုတ်ဆံတောက်ဝိုင်းလေးနဲ့ ဆိုတော့ အများ ထဲမှာ ထင်းနေမှာ ပါ. . ထမီအနီလေးဝတ်လာမယ်တဲ့ . . နှုတ်ခမ်းထောင့်မေးဖျားမှာ မှဲ့နက်လေးတစ်လုံးရှိတယ်ဆိုတော့ သားအလွယ်တကူတွေ့မှာ ပါ. ."

မေမေက သေချာပြောလိုက်ပေမယ့် နာမည်မပါ. .

ပြဿနာပဲ၊ နာမည်မေးခဲ့ဖို့ ဘာဖြစ်လို့ များ မေ့ရတာလဲဒီခေါင်း. .

ကားကိုခါးထောက်ရပ်ကြည့်ရင်း ဆံပင်ကိုထိုးဖွမိပြန်သည် ။

နောက်ကုတ်ဆံတောက်ဆံပင်ဆိုတာ ဘယ်ရာစုနှစ်က ဘယ်လိုဆံပင်မျိုးပါလိမ့်. .

ဘယ်လိုဆံပင်ဆိုတာ မေမေလည်း ထပ်မရှင်း သူကလည်း မသိဘဲနှင့် ထပ်မမေးဘဲနေခဲ့မိသည် ။

နာမည်ဘယ်သူမှန်း ဘယ်လိုပုံစံမှန်းမသိဘဲ ထွက်လာမိတာကိုက ထပ်ဆင့်စိတ်ပျက်ဖွယ်ဖြစ်လေသည် ။

"အစ်ကိုဘာရှာနေတာလဲ. ."

"လူကိုရှာနေတာ. ."

ကားဂိတ်ဝင်းထဲမှာ လုပ်စားနေကြသည့် ကောင်လေးနှစ်ယောက်ဆန်းရဲ့ ငေါက်ဆတ်ဆတ်အဖြေကြောင့် တွန့်သွားကြသည် ။

ဒီမှာ ဒေါသထွက်နေရတဲ့ အထဲ. .

ဆန်း ရွှေမန်းသူကားကြီးကို လှမ်းကြည့်မိ၏။

ကားပေါ်မှာ လူကုန်နေပြီ၊ စပယ်ယာတစ်ယောက်ပဲ ခေါင်းခန်းထဲမှ ကုန်းကုန်းကွကွနဲ့ အလုပ်ရှုပ်နေတာကျန်သည် ။

ဆင်းသွားကြသမျှ ခရီးသည် တွေထဲမှာ လည်း မေမေကြိုခိုင်းတဲ့ မိန်းကလေးမျိုး မပါတာသေချာသည် ။

ဘယ်လိုဆံပင် ဘယ်လိုပုံစံဆိုတာ အတိအကျမမှန်းနိုင်ပေမယ့် ပုံ တုံးတုံး ခပ်အအ တောသူမိန်းကလေးတစ်ယောက် ဖြစ်မည့်ပုံကိုတော့ မှ န်းဆမိသည် ။

ဆန်း ခေါင်းကုတ်လိုက် ခါးထောက်လိုက်နှင့် ကားဆီပြန်လျှောက် လာမိပြန်သည် ။

ဘယ်လိုလုပ်ရမလဲ ကားပေါ်ပြန်တက်ပြီး အိမ်ပြန်ရတော့မလား။

ဒါမှ မဟုတ် စပယ်ယာကိုသွားမေးရမလား ဒါလည်း မဖြစ်သေးပါ၊ သွားမေးဖို့ က နာမည်လည်း သိတာမဟုတ်။

ဆန်းခါးကြားမှာ ထိုးထားသည့် ဖုန်းကိုဆွဲယူလိုက်ပြီး မေမေ့ကိုခေါ် သည် ။

"မေမေ. . မေမေ့ကောင်မလေးက နာမည်ဘယ်သူတဲ့ လဲ. . ရွှေမန်း သူကိုတွေ့တယ် ဘယ်ကောင်မလေးမှ မပါဘူး. ."

"ရွှေမန်းသူရောက်နေပြီ ဟုတ်လား. . အမလေးဒုက္ခပါပဲ ဘယ်များ ရောက်သွားပြီလဲမသိဘူး. . နာမည်က ကောင်မလေးလေသားရဲ့ ၊ ဒီ လောက်အိမ်မှာ ခေါ်ပြောနေတာ သားမကြားမိဘူးလား"

"ဗျာ. . ဘယ်လို မေမေ. . ကောင်မလေးဟုတ်လား. . အဲဒါနာမည်

လား. ."

"ဟုတ်တယ်သားရယ်. . ကောင်မလေးတဲ့ ကောင်မလေး. . အခုကား ပေါ်မှာ မတွေ့မိဘူးလား၊ ကားသမားတွေကိုမေးကြည့်ပါဦးသားရဲ့ . . ပါ မလာဘူးလား ပါလာသလားသိရအောင်. ."

ဖုန်းထဲက မေမေ့အသံက မီးလောင်ပြင်ထဲမှာ ပြေးလွှားနေသည့် မီး ဘေးဒုက္ခသည် တစ်ယောက်နှယ်. . ပျာယာခတ်နေလေသည် ။

"ခဏလေးမေမေ. ."

ဆန်းကားကို နောက်ပြန်မှီ၍ ဖုန်းပြောဆဲမှာ ပင် ကားကြီးထဲက ခေါ င်းလေးတစ်လုံးသည် ပြတင်းပေါက်တစ်ခုမှာ တစ်စစကြွတက်လာသ ည် ကို လှမ်းမြင်လိုက်ရ၏။

ဖုန်းကို ကပျာကယာပိတ်ပစ်၍ . . ဆန်းထိုခေါင်းလေးကို စူးစိုက်ကြ ည့်နေမိသည် . . ။

မှန်ပြာပြာထဲမှာ မို့ ဖြူသလား မည်းသလား မမြင်ရပေမယ့် ခေါင်း ထက်က ဖုဖုလုံးလုံးဆံထုံးပုံ့ပုံ့လေးကို သူ့နေရာကနေ အထင်းသားမြင် နေရသည် ။

ခေါင်းလေးက မျက်လုံးလေးနှစ်လုံးထိပေါ်လာကာ အပြင်ဘက်ကို ခိုးကြောင်ခိုးဝှက်ကြည့်နေတာဖြစ်သည် ။

ထိုစဉ် သူ့မျက်လုံးများ နှင့်ဆုံမိလိုက်ကာ ခေါင်းကလေး ဖျတ်ခနဲပုဝ င်ကာ ပျောက်ကွယ်သွားလေသည် ။

ဆန်းကားကြီးနားသို့ ခြေလှမ်းကျဲကြီးများ နှင့် လျှောက်သွားသည် ။

ဖွင့်ထားဆဲကားတံခါးမှ သူကားပေါ်လှမ်းတက်လိုက်တော့ ကုန်းကွ

အလုပ်ရှုပ်နေသည့် စပယ်ယာက စူးစမ်းသလိုလှည့်ကြည့်၏။

ဆန်းက စပယ်ယာကို ဂရုစိုက်မနေအားဘဲ ကားဝမ်းထဲကိုသာ အမိအရ ရှာဖွေသည် ။

"ဘာရှာတာလဲအစ်ကို. ."

"ကားပေါ်မှာ လူတစ်ယောက်ကျန်သေးတယ် မဟုတ်လား. ."

"ဗျာ. . ဆင်းကုန်ကြပြီမဟုတ်လား. . အစ်ကိုက ညှော်သည် လာကြို တာလား. ."

"ဟုတ်တယ်. . ကောင်မလေးဆိုတာ ဒီကားပေါ်မှာ ပါတယ်မဟုတ် လား. ."

စပယ်ယာက လူတစ်ယောက်မှ မရှိတော့သည့်ကားနောက်ထဲကို လှမ်းကြည့်ရင်း စဉ်းစားသလိုလုပ်သည် ။

"ကောင်မလေး. . ဟုတ်တယ်. . ဟုတ်တယ် ပါတယ် တောသူဆံပင် လေးနဲ့ အဲဒီကောင်မလေး ဆင်းသွားပြီမဟုတ်လား. ."

"မဆင်းသေးဘူး. . ကိုယ်ခဏရှာမယ်နော်. ."

လူမရှိတဲ့ ကားပေါ်ကို ရှာမည်ဆိုတော့ စပယ်ယာက ခေါင်းညိတ်ဖို့ ပင်သတိမရဘဲ တအံ့တသြကြည့်နေသည် ။

ဆန်း. . သူ့ခေါင်းကလေးမြင်လိုက်သည့် ခုံနေရာလောက်ကို တန်းသွားသည် . . ။

ထင်သည့်အတိုင်းပင် ခုံကြားထဲမှာ ဒူးနှစ်လုံးကိုဖက်၍ ကုပ်ကုပ်ကလေးပုန်းကွယ်နေသည့် မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရသည် ။

"ဟိတ်. ."

"အမလေး"

သူ့အသံကြားသည် နှင့် ကောင်မလေးဆတ်ခနဲ တုန်သွားကာ မျက်တောင်ရှည်ကော့ကော့ကြီးတွေ ဝိုင်းရံနေသည့် မျက်ဝန်းစုံက ကျွတ်ထွက်မတတ်ပြူးကျယ်သွား၏။

"ထစမ်း. ."

အလုပ်ရှုပ်ရှုပ်နှင့် ဒေါသထွက်နေပြီဖြစ်သည့် ဆန်းမျက်နှာနီမြန်းခက်ထန်ကာ လေသံကမညင်သာ. .

ကောင်မလေး. . ထလည်း မထသေး. . မထဘဲလည်း မနေရဲဘဲ လှုပ်လှုပ်ရွရွနှင့် အသည်းယားစရာလုပ်နေရာ. .

"ဟိတ်. . ထလို့ ပြောနေတာ မကြားဘူးလား"

ကောင်မလေး အဝါရောင်သားရေအိတ်ကလေးကို ပွေ့ပိုက်လျက် ကတုန်ကယင်လေးထရပ်ရှာသည် . .။

"စစ်ကိုင်းက ဒေါ်မြမြလေးရဲ့ သမီး ကောင်မလေး မဟုတ်လား"

"ရှင်. . ဟုတ်. ."

"လာ. . လိုက်ခဲ့. ."

"ရှင်. ."

ချာခနဲကျောခိုင်းလိုက်ပြီးမှ ပေကပ်ကပ်လေးရပ်ကျန်ခဲ့သည့် ကောင်မလေးကို စိတ်မရှည်စွာလှည့်ကြည့်၍ လက်ကောက်ဝတ်လေးကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ပစ်လိုက်သည် ။

"လာခဲ့. . အဲသလောက်ထူရင် စိတ်ကသိပ်ရှည်လို့ မရတော့ဘူး"

ကားနားထိမလွှတ်တမ်းဆွဲချလာကာ တံခါးဖွင့် ကောင်မလေးကို တွ

န်းထည့်၊ တံခါးပြန်ပိတ်ပြီး ရှေ့ခန်းမှာ ပြန်ထိုင်ကာ မောင်းထွက်လာခဲ့သည် ။

အဝေးပြေးဝင်းရဲ့ အပြင်ရောက်မှ သက်ပြင်းရှိုက်ရင်း ကိုယ့်အဖြစ်ကိုယ်ပြုံးမိရသည် ။

ကြည့်ပါဦး နောက်ကုတ်ဆံတောက်ဆံပင်တဲ့ . . ပုံ့ပုံ့ဝိုင်းဝိုင်း ဆံထုံးလေးကအပေါ်မှာ သပ်သပ်. . အောက်ဘက်မှာ ဆံမြိတ်ထူထူနှင့် နားသယ်စပ်နောက်မှာ ဆံပင်ကွေးကွေးလေးက နားရွက်နောက်ကနေကွေ့ဝိုက်ကာ မေးရိုးအစပ်နားထိထွက်နေသည် ။

တစ်ခေါင်းလုံးပတ်လည်မှာ ဆံပင်ထူထူအုပ်အုပ်ကလေးနှင့် ဆံထုံးပုံ့ပုံ့လေးဖြင့် တစ်ခါတရံ တောသူခလေ့ပန်းချီကားတွေမှာ မြင်ရတဲ့ပုံမျိုးနဲ့ တစ်ထပ်တည်း။

ကချင်ထမီနီရဲရဲ အဖြူနဲ့ အနီကွက်စိပ်ကလေးရှိသော ရင်စေ့လက်ရှည်ခါးတိုအင်္ကျီပွပွကို ဝတ်ထားသေးသည် ။

ပြီးတော့ ပါးကွက်ဝိုင်းကြီးနှစ်ဖက်က ညိုသောအသားပေါ်မှာ ဒီလောက်ဖွေးဖွေးကြီးကို ထူထူပြိန်းပြိန်းလိမ်းထားရသလား။

အိမ်ခေါ်မသွားဘဲ ပြတိုက်ပို့ပစ်ဖို့ သာ ကောင်းသေးတော့သည် ။

မှန်ထဲကနေလှမ်းကြည့်ရင်း မီးပွိုင့်နီသွားတာကို အရှိန်မသတ်မိသဖြင့် ကမန်းကတမ်း ဘရိတ်အုပ်လိုက်တော့ ကောင်မလေးခေါင်းက ရှေ့ကကူရှင်နဲ့ အော်တိုမစ်တစ် ဆောင့်မိလေသည် ။

ကားပေါ်စရောက်ကတည်းက မျက်လုံးစုံမှိတ်၍ ပါးစပ်ကပွစိပွစိနှင့် ဘာတွေရွတ်ဖတ်နေမှန်းမသိသော ကောင်မလေး၊ ပြုံးပြဲခေါင်းပွတ်နေတာကိုကြည့်ကာ ဆန်းအသံထွက်ရယ်မိတော့သည် ။

***

ကားရပ်သွားသည် နှင့် ရွတ်ဖတ်နေတာတွေလည်း ရပ် မျက်လုံးတွေလည်း ပွင့်လာကာ ပတ်ဝန်းကျင်ကိုပြူးပြဲကြည့်သည့် ကောင်မလေးကို ဆန်းက နောက်လှည့်ကြည့်၍ . . .

"ကောင်မလေး. . မင်းဒီမှာ ခဏနေခဲ့ဦးကြားလား"

"ရှင်"

"ငါ. . ပန်းခြံထဲခဏဝင်စရာရှိလို့ . ."

"ဟုတ်ကဲ့"

"မင်းဘာစားထားလဲ. ."

"ရှင်. ."

"ဘာစားထားလဲလို့ မေးတာကွ. . တရှင်ရှင်နဲ့ . ."

"ဟို. . ဟိုဘာမှ မစားခဲ့ပါဘူး. .။"

ဆန်းကခေါင်းညိတ်ပြီး ကားသော့ကိုဖြုတ်ယူလိုက်သည် ။

"ဒါဆို ငါလာရင် မုန့်တစ်ခုခုဝယ်လာခဲ့မယ် သိပ်မကြာဘူး။ နာရီဝက်လောက်ပဲသိလား. . တံခါးတွေပိတ်ခဲ့မယ်. ."

နံဘေးမှာ ငုံ့ကြည့်ပြောပြီး. . ပလက်ဖောင်းပေါ်ပြေးတက်သွားသည့် သူ့ကို ကောင်မလေး အငေးသားကြည့်နေမိသည် ။

တစ်ညလုံးပါလာသည့် ထမင်းချိုင့်လေးထဲက

သိုးချင်နေသည့်ထမင်းနဲ့ ငါးခြောက်ကြော်လေးကို မဝတဝလေးစားခဲ့ပြီး ခုချိန်ထိတောက်လျှောက် ဘာမှ မစားခဲ့ရတာ ရေဆာလို့ ပင် မသောက်ခဲ့ရတဲ့ အဖြစ်. .

တကယ်ဆို လူတွေကားတွေ ထပ်ညပ်ရှုပ်ယှက်ခတ်နေသော ရန်ကုန်မြို့ကြီးကို ရုပ်ရှင်ဗီဒီယိုတွေထဲမှာ ကြည့်ဖူးတာနှင့်ပင် ကောင်မလေးကျောချမ်းခဲ့တဲ့ သူပါ။

အဖေဆိုတာ ဖြူသလား မဲသလားမသိ၊

အမေက သူမလက်ပေါ်မှာ ပဲ ဆုံးသွားခဲ့သည် ။

"ညည်းအမေမှာ ခဲ့တဲ့ အတိုင်း ရန်ကုန်က သူဌေးတွေဆီကို သွားနေဖို့ သာ စဉ်းစားပေတော့၊ ကောင်မလေးရေ. . ငါတို့ ကလည်း အဒေါ်သားရင်းဆိုပေမယ့် ကိုယ့်မိသားစုနဲ့ ကိုယ်တောင် မတ်တတ်အိပ်နေရတာ ညည်းအသိပဲ၊ ပြီးတော့ ညည်းအမေက ညည်းကို ပညာတတ်ကြီးဖြစ်စေချင်တာ လင်မရှိဘဲနဲ့ တောင် ကြုံသလိုကျသလို ရှာဖွေရှန်းကန်ပြီး ဆယ်တန်းအောင်အောင်ထားပေးခဲ့တာကြည့်လေ၊ မဆုံးခင်ကလည်း တဖွဖွမှာ သွားတာ ညည်းကိုရန်ကုန်ပို့ပေးဖို့ ပဲ. ."

ကောင်မလေး သားရေအိတ်လေးကိုပိုက်ရင်း အင့်ခနဲရှိုက်ငိုမိသည် ။

ဦးဆန်းမင်းအောင် ဒေါ်မေရီဆန်းဆိုတာ အမေရေးခဲ့တဲ့ စာလေးပေါ်မှာ အက္ခရာတင်ခဲ့သည့် နာမည်တွေအဖြစ် မြင်ဖူးရုံလောက်နှင့် သူမဒီလောက်ခရီးအဝေးကြီးကို တစ်ယောက်တည်းလာခဲ့ရသည် ။

စစ်ကိုင်းတောရွာကလေးကနေ မြို့ပေါ်ကိုကျောင်းသွားတက်၊ ပြန်လာတော့ အမေဈေးရောင်းဖို့ ဝိုင်းကူ. .

ကောင်မလေးမြင်ဖူးသိဖူးတာတွေဟာ ကျောင်းနဲ့ အိမ်ရဲ့

ပတ်ဝန်းကျင်ပဲဖြစ်သည် ။

ထို့ကြောင့် ရန်ကုန်မြို့တော်ကြီးကိုသွားဖို့ အဝေးပြေးကားကြီးပေါ်ကို သူတို့ တင်ပေးလိုက်ကြတော့ ခြေဖျားလက်ဖျားတွေ အေးစက်ကျင်ခဲကာ ကားကြီးထွက်တော့ ကားပေါ်ကနေခုန်ချင်အောင် ငိုချင်သည် ။

တတွတ်တွတ်အားပေးနေသည့် ဒေါ်လေးမေလက်ကို လွှတ်လိုက်ရသည့်ခဏမှာ နက်ရှိုင်းသည့်ချောက်ကမ်းပါးကြီးထဲကို ဦးစိုက်ကျွမ်းပြန်ကျသွားသလိုပါပဲ. . .

"လိပ်စာအတိုင်း ငါတို့ သေသေချာချာအကြောင်းကြားထားပြီးပါပြီ. . ဟိုအကြောင်းပြန်ချက်ရလို့ ညည်းကိုတစ်ယောက်တည်းလွှတ်တာ၊ ဒီကားဂိတ်ဆုံးတာနဲ့ ညည်းကိုသူတို့ လာခေါ်ကြမှာ ဦးဆန်းမင်းအောင် ဒေါ်မေရီဆန်းတို့ လာမကြိုမချင်း ဘယ်သူလာခေါ်လို့ မှ မလိုက်နဲ့ သိလား၊ တကယ်လို့ များ ကြိုတဲ့ လူတွေနဲ့ မတွေ့ရင် ဒီကားကိုပြန်စီးလာခဲ့. . နေရာတကာမနံ့နဲ့ ကောင်မလေး. . ကြောက်စရာလည်း မလိုဘူး ရန်ကုန်မှာ လူဆိုးတွေချည်းရှိတာမဟုတ်ပါဘူးအေ၊ ကူညီတတ်တဲ့ လူကောင်းသူကောင်းတွေလည်း ရှိပါတယ်၊ အဓိကက ကိုယ့်လက်ထဲပိုက်ဆံရှိဖို့ပဲ"

ငွေငါးထောင်ကိုကျစ်နေအောင် လိပ်၍ လက်ထဲထည့်ပေးရင်း ဒေါ်လေးမေပြောတော့ ကောင်မလေး အလူးအလိမ့်ငိုမိလေသည် ။

မသွားပါရစေနဲ့ ဒေါ်လေးမေရယ်'လို့ ဖြင့် မပြောရဲပါ၊ ခွဲခွာရမှာ မို့ သွေးကစကားပြောလို့ ဂရုတစိုက်အားပေးနေတာရှိပေမယ့် ဒေါ်လေးမေက ကောင်မလေးကိုဆို ဘယ်တုန်းကမှ မျက်နှာသာပေးခဲ့သူမဟုတ်ပါ။

ရပ်ထဲရွာထဲမှာ ကောင်မလေးကို ရန်ကုန်ပို့ကြဖို့ စီစဉ်ကြ၊ ငွေတွေစုဖြစ်တော့ မသွားပါရစေနဲ့ လို့ ငြင်းခဲ့ဖူးသည် ။

"မသွားလို့ ရမလား ဒီမှာ ညည်းဘယ်သူ့ကိုအားကိုးတာလဲ၊ ငါက က လေးတွေတစ်ပြုံကြီးနဲ့ ယောက်ျားကနွားလိုရုန်းနေတာတောင် ဆန်ကွဲ သာသာပဲစားနေရတာ. . နောက်ပြီးတော့ မအေသေတယ်ဆို ကောင်မ လေးကိုခိုင်းစားတာပဲ. . ကျောင်းတောင်မနေရတော့ဘူးဆိုတာတွေက ပြောလာကြဦးမယ်. . ရန်ကုန်မှာ ညည်းကို အိမ်ဖော်လုပ်ဖို့ လွှတ်တာ မ ဟုတ်ဘူး အေ့. .ဟိုက ညည်းအမေရဲ့ သူငယ်ချင်း. . ညည်းကိုမွေးစားဖို့ ခေါ်တာ. . ဘာများ ဂုဏ်ငယ်စရာရှိလဲ"

"ဘာပဲဖြစ်ဖြစ် သွေးမတော်သားမစပ်ဘဲ ဘယ်သူကမှ အလုကြည့် ထားမှာ မဟုတ်ပါဘူး။ အိမ်ဖော်ပဲဖြစ်မှာ ပေါ့. ."

"ရန်ကုန်မှာ အိမ်ဖော်ဖြစ်ရတာက မညွန့်မေအိမ်မှာ ထက်တော့ သာ မှာ ပါတော်"

ပတ်ဝန်းကျင်က မကြားတကြားပြောကြသေးသည် ။

ကောင်မလေး လမ်းမှာ တစ်လမ်းလုံးဘယ်ကိုမှ ခေါင်းထောင်မကြ ည့်ရဲ၊ ထမင်းသွားရည်စာ ဆင်းစားဖို့ ဆိုတာ အဝေးကြီးပင်၊

ဘယ်သူ့လှမ်းကြည့်လိုက်ကြည့်လိုက် သူမကိုသာ စူးစိုက်ကြည့်နေကြတာမို့ ရွတ်လိုက်ရတဲ့ ဘုရားစာတွေ ထမင်းဆာလို့ လည်း ဆာမှန်းမသိ. . .

လက်တုန်ခြေတုန်ဖြစ်မှ ထမင်းချိုင့်ဖွင့်စားတော့ ထမင်းတွေက ဖွင့် စားလိုက် ပြန်အုန်ထားလိုက်မို့ သိုးချင်ချင်ဖြစ်နေပြီ။

ပတ်ဝန်းကျင် ခရီးသည် ချင်းတောင် မကြည့်မိအောင်ကြိုးစားရင်း မကြာခဏ ထုတ်ကြည့်ဖြစ်တာက ဒေါ်လေးမေကျစ်နေအောင် လိပ်စာ ပေးလိုက်သည့် ငွေငါးထောင်ကိုဖြစ်သည် ။

ဟိုကကြိုမယ့်သူတွေမလာလျှင် ဒီကားကြီးနဲ့ စစ်ကိုင်းရောက်အောင် သူမနှစ်ဆင့်သုံးဆင့်ပြန်ရဦးမည်. . .

ရင်တထိတ်ထိတ်နဲ့ ရန်ကုန်မြို့ကြီးထဲ ကားဝင်လာတော့ မြင်ကွင်းတွေက ရင်သပ်ရှုမော. .

တကယ့်ရုပ်ရှင်ဗီဒီယိုတွေထဲကလို ကားတွေလူတွေရှုပ်ယှက်ခတ်နေသည် ။

ကားရပ်လိုက်တော့ ကားနားမှာ လည်း လူတွေမှ မဒူအုံကိုတုတ်နဲ့ဆွထားတဲ့ အတိုင်း. . .

ခုချိန်ထိ ကောင်မလေး ရင်ခုန်နေရဆဲပါ။

'ဒေါ်မြမြလေးရဲ့ သမီးလား'ဆိုသည့် မေးခွန်းလေးတစ်ကြောင်းနှင့် လက်ကိုဆွဲချခေါ်လာခဲ့သော ထိုယောက်ျားက မည်သူပါနည်း။

"နေရာတကာ မကြောက်ရဘူးနော်. . လူဆိုတာ လာတာလည်း တစ်ယောက်တည်း သေလည်း အဖော်နဲ့ သေလို့ ရတာ မဟုတ်ဘူး ။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ် ကိုယ့်အားကိုယ်ကိုးရမှာ ပဲ အရာရာကို ပြောရဲဆိုရဲ ရင်ဆိုင်ရဲအောင် ညည်းကြိုးစားရမယ်. ."

ဟု ဒေါ်လေးမေက ခဏခဏပြောသည် ။

ပြောရဲဆိုရဲရမယ်ဆိုတာဘာလဲ. .

ခုချိန်ထိတော့ ကောင်မလေး ထိုသူ့ကိုမေးခွန်းထုတ်ရဲဖို့ နေနေသာသာ မျက်နှာကိုပင် စေ့စေ့မကြည့်ရဲခဲ့ပါ။

ရှင်ဘယ်သူလဲလို့ မေးကြည့်နေမိတာ စိတ်ကူးထဲမှာ အခါခါ. . .

"ဟိတ်"

"အမေ့. ."

ငုတ်တုတ်မေ့နေသလို အတွေးလွန်နေသည့် ကောင်မလေးကျော လေးပင် ကော့တက်သွားရှာတာကို ဆန်းက မကျေမနပ်ငုံ့ကြည့်၏။

"ဘယ်လိုဖြစ်နေတာလဲ သရဲတိုင်းပြည်ရောက်နေတယ်များ မှတ်နေ သလား. ."

"မဟုတ်ပါဘူး. . ဟို. ."

"ဟိုဟို ဒီဒီ လုပ်မနေနဲ့ ရော့. . ဟမ်ဘာဂါပဲရတယ်. . အဲဒါစား"

ဆန်းက ရီမုတ်နဲ့ လော့ခ်ဖွင့်၍ မုန့်ဘူးကိုလှမ်းပေးသည် ။

ပြီးမှ သူ့နေရာမှာ ထထသွားဝင်ထိုင်ကာ. . .

"မင်းကိုဆိုင်မှာ မုန့်ကျွေးဖို့ တော့ စိတ်ကူးပါတယ် ဒါပေမဲ့. ."

ဆန်းက ရယ်ကျဲကျဲနှင့် ပခုံးနှစ်ဖက်တွန့်သည် ။

"မင်းပုံစံနဲ့ ခေါ်ထုတ်သွားဖို့ ကမလွယ်ဘူး. . အဟင်း. . ဆောရီးပဲ"

ကားလေးက သိမ့်ခနဲလှုပ်ခါသွားသည် ။

မုန့်ဘူးလေးကိုကိုင်ထားလျက် ဆန်းဘာကိုပြောနေတာမှန်း နားလ ည်အောင်ကြိုးစားရင်း. . ကောင်မလေး. . မျက်တောင်ရှည်တွေ တဖျတ် ဖျတ်ခတ်နေလိုက်တာ ကလေးငယ်လေးသဖွယ်. .။

*** *** *** ***

# အခန်း (၂)

"ဖြစ်ရလေဆန်းရယ် ဧည့်သည် သွားကြိုရင်းနဲ့ ရည်းစားနဲ့ ချိန်းတွေ့ရတယ်လို့ ဖအေကစိတ်တွေပူပြီး နောက်ကလိုက်သွားပြီး သိများသိသွားရင် မိုးမီးလောင်တာထက်ဆိုးဦးမယ်"

"မေမေ့ကိုဆန်းပြောသွားတာပဲ နောက်ကျရင်မပူနဲ့ လို့ . ."

"ဟဲ့. . နည်းနည်းပါးပါး နောက်ကျတာမှ မဟုတ်တော့တာ. . ကိုးနာရီကထွက်သွားတာ အခု ဆယ့်တစ်နာရီထိုးတော့မယ်လေ. ."

"ဘာဖြစ်မှာ မို့လို့ လဲ မေမေရ. . ဒီလောက်နဲ့ ဒီလောက်လေးသွားတာကို ကြံဖန်ပူနေတာ. . ."

"ညီနော်. . စကားပြောတာ မေမေ့ကိုမလေးမစားနဲ့ . . မင်းကိုပူတာတော့ ဘယ်ဟုတ်မလဲကွ. . ဟိုကောင်မလေးနဲ့ လွဲပြီး ဘာတွေဖြစ်ပျက်ကုန်ပြီလဲတွေးပူတာပေါ့. ."

ဆန်းက နှုတ်ခမ်းမသိမသာမဲ့၍ ကောင်မလေးကိုကြည့်သည် ။ ဒီပုံကြီးလား တခြားရောက်သွားမှာ . . .

ကားပေါ်မှာ ခုံကြားထဲ မနည်းဆွဲထုတ်ခဲ့ရတာများ ပြလိုက်ချင်သေးသည် ။

ဆန်းရဲ့ ခပ်မဲ့မဲ့အကြည့်ကြောင့် ကောင်မလေး လွယ်အိတ်လေးကို

တင်းခနဲဖက်ကာ မျက်နှာလေးငုံကျသွား၏။

ဒါကို ဒေါ်မေရီဆန်းက မြင်သည်။

"သူ့ကိုပြောနေရတာနဲ့ ဒီမှာ ကောင်မလေးကို မေးမယ့်ဟာတောင် သတိမရတော့ဘူး"

ဒေါ်မေရီဆန်းက ကောင်မလေးဘက်ကို အာရုံပြောင်းသွားသည်။

နောက်ကုပ်ဆံတောက်အုပ်အုပ်ပုံ့ပုံ့လေးနဲ့ ချစ်စရာလေးဟု မြင်ကာ နှစ်ခြိုက်စွာပြုံးလိုက်မိသည်။

"သမီးနာမည်က ကောင်မလေးအပြင် ဒို့ပြင်နာမည်မရှိဘူးလား"

"ဟင်..ဘာဟုတ်ကဲ့တာလဲ"

"ဟုတ်..ဟုတ်တယ်လို့ ပြောတာပါ"

"ဘာကိုဟုတ်တာလဲ သမီးရဲ့ "

"စောစောက ကြီးကြီးမေးတာလေ..အဲ..အဲဒါ.."

ဆန်းက ခွီးခနဲထရယ်ကာ ဒေါ်မေရီဆန်း ပြုံးမိသွားလေသည်။

"သမီးကကြောက်နေတာထင်တယ် ဒီလူတွေကို ကိုယ့်မိဘ ကိုယ့်အစ်ကိုတွေလို သဘောထားရမှာ . . နောက်ဆို လက်ရည်တစ်ပြင်တည်း အတူနေသွားကြရမှာ လေ..၊ တရင်းတနှီးမှ ပေါ့..သားကြီးနာမည်က ဆန်းဆက်ကောင်း..သားငယ်က ထူးထူးဆန်းတဲ့ ကိုကိုကြီး ကိုကိုလေး လို့ ခေါ်ပေါ့..၊"

"ဟုတ်ကဲ့ ကြီးကြီး"

"အန်တီ့ကို သမီးက မေမေလို့ ပဲခေါ်ရမယ်. . မေမေက သမီးမရှိ

တော့ . . လေးဆုံးသွားပြီး သမီးလေးကျန်ခဲ့တယ်လို့ အကြောင်းကြားစာရကတည်းက အရမ်းကိုခေါ်ချင်ခဲ့တာ၊ လေးနဲ့ မေမေ အဆက်အသွယ်တွေ ပြတ်နေခဲ့တာကြာပါပြီ၊ သူ့အဲဒီဘက်မှာ ဇာတ်မြှုပ်နေသွားတာကိုလုံးဝမသိခဲ့ဘူး၊ ဒါပေမဲ့ သူမေမေ့ကို မမေ့လို့ သာ သူမဆုံးခင် မှာ သွားခဲ့လို့ ကျန်ခဲ့တဲ့ သူတွေက အကြောင်းကြားခိုင်းခဲ့တာပေါ့. . သမီးလေးကိုခေါ်ခွင့်ရခဲ့တာပဲ သူတို့ တွေကို ကျေးဇူးတင်ရဦးမှာ . ."

အချစ်ဆုံးသူငယ်ချင်းတွေမို့ ဒေါ်မေရီဆန်း မျက်ရည်ဝဲနေရှာသည် ။ ဖြူနုလှပနေဆဲရှိသည့် ဒေါ်မေရီဆန်းကိုငေးကြည့်ကာ အမေနဲ့ ယှဉ်ကြည့်နေမိရင်း ကောင်မလေး နားမလည်နိုင်ဖြစ်နေမိသည် ။

အမေနဲ့ သူငယ်ချင်းဆိုသည့် ဒီအမျိုးသမီးကြီးကတော့ ဖွေးနုတင့်တယ်နေကာ အမေကတော့ ပါးရိုးငေါမျက်ကွင်းညိုညိုနှင့် သွယ်လျသောကိုယ်လုံးက ပိန်ညှောင်ညှောင် သေးညှပ်ညှပ်လေးဖြစ်သည် ။

ပြီးတော့ ဝါးကြမ်းခင်းဖရိုဖရဲ သက်ကယ်မိုးကျဲကျဲနှင့် တောကြိုအုံကြားမှာ နေရသည့် အမေနဲ့ ထိုအမျိုးသမီးကြီးရဲ့ အခြေအနေက မိုးနဲ့ မြေ။

ထိုအချက်ကိုယှဉ်ကြည့်တော့ အချစ်ဆုံးသူငယ်ချင်းဆိုသည့်အဖြစ်က ယုံနိုင်စရာမရှိ။

"သမီးက ညိုညက်ညက်လေးဆိုတော့ ဖအေတူတာဖြစ်မယ်. . လေးက ဖြူနုအိစက်ပြီးအရမ်းလှတာ. . ဒါပေမဲ့ သမီးက နှုတ်ခမ်းတွေပြည့်ပြီး ထောင့်ချိုးညီနေတာ မျက်တောင်လေးတွေ ကော့နေတာ. . အားလုံး လေးနဲ့ တစ်ထပ်တည်းပဲ. ."

"ကြီးကြီး. . အဲ့. . မေ. . မေမေက အဖေ့ကိုမြင်ဖူးတာပေါ့နော်. ."

ကောင်မလေး အားတက်သရောမေးလိုက်တော့ ဒေါ်မေရီဆန်းမျက်နှာ ကွက်ခနဲပျက်သွားသည် ။

"အင်း. . ဟို သူတို့ မင်္ဂလာဆောင်ဓာတ်ပုံထဲမှာ မြင်ဖူးလိုက်တာပါ. . ခုလောက်ဆို မြင်တာတောင် မှတ်မိမယ်မထင်တော့ပါဘူး။ သမီးက. . သမီးအဖေကို မမြင်ဖူးဘူးလား"

ကောင်မလေးမျက်နှာက ဝမ်းနည်းအားငယ်စွာ ညှိုးကျသွားရှာသည် ။

"အဖေက ကောင်မလေးငယ်ငယ်ကတည်းက ဆုံးသွားတာလို့ အမေကပြောတယ်၊ အဖေ့ကိုဓာတ်ပုံတောင်မှ မမြင်ဖူးလိုက်ပါဘူး၊ မေမေရယ် မေမေ့ဆီမှာ အဖေ့ဓာတ်ပုံရှိသေးလားဟင်. ."

"ဟင်. . အို. . မရှိပါဘူးကွယ်. . ဓာတ်ပုံဆိုတာမျိုးက ပျက်စီးတတ်တာမျိုးပဲ သမီးကိုပြစရာမရှိတော့လို့ မပြတာဖြစ်မှာ ပါ. . ကဲ. . ကဲ သမီး ဒါတွေတွေးမနေနဲ့ တော့. . ဒီမှာ ပျော်ပျော်ရွှင်ရွှင်နေပေါ့. . သမီးကို မေမေက တက္ကသိုလ်ဆက်ထားပေးမယ်၊ အိမ်မှာ မိသားစုလိုပဲ လုပ်စရာရှိတာလုပ် ပြောစရာရှိတာပြော တရင်းတနှီးနေရမယ် ကြားလား. ."

"ဟုတ်ကဲ့ပါ. ."

"သမီးအတွက် အသုံးအဆောင်ကတော့ မေမေစဉ်းစားလို့ ရသမျှ အခန်းထဲမှာ အားလုံးထည့်ထားပေးပြီးပြီ၊ အဝတ်အစားကတော့ သမီးလာမှ ဝယ်လို့ ရမှာ မို့ ဘာမှ မရှိသေးဘူး. ."

ဆန်းမျက်ခုံးနှစ်ဖက် ဆတ်ခနဲပင့်တက်သွားကာ နေရာမှ ထရပ်လိုက်၏။

"ဒါကဘယ်လဲသား. ."

"ရေသွားချိုးမလို့ . ."

ဒေါ်မေရီဆန်းက ‘ငါသိတယ်’ဆိုသောအကြည့်မျိုးနှင့် မျက်စောင်းဝ င့်ကြည့်ကာ

"ပြီးမှ ချိုး ဒီမှာ မေမေပြောစရာရှိသေးတယ်. ."

သွားပြီ. . ကိုယ့်ဘက်လှည့်တော့မှာ မှန်းသိလို့ အမိအရထပြေးတာ တောင် မလွတ်အောင်မေမေကလျင်သည်။

"သမီးလေးအတွက် လိုအပ်တာဝယ်ဖို့ မေမေငွေထုတ်ပေးမယ်. . သားငယ်က ပလာဇာကိုလိုက်ပို့ပေးလိုက်. ."

"ဟာ. . မေမေကလည်း ဆန်းသွားကြိုပေးပြီးပြီပဲ ကိုကြီးကိုတာဝန် ပေးဦးမှ ပေါ့. ."

အဲဒီဟာမလေးနဲ့ မသွားချင်ပါဘူးလို့ ပြောလိုက်ချင်တာ ပါးစပ်ထဲမှာ ယားနေသည်။

ဒီလောက်ထူအအ ပုံမကျပန်းမကျရုပ်နဲ့ ပလာဇာကိုသွားစရာလား. . ၊

"လာပြန်ပြီ ဒီကိုကြီးက တစိတ်ရှိ ကိုကြီးကိုခိုင်းပါလားချည်းပြော နေတာပဲ လောလောဆယ် ကိုကြီးက အားတဲ့ လူမှ မဟုတ်တာ၊ ပြီး တော့ သားငယ်က ပလာဇာကိုသွားနေကျ ဝယ်တာခြမ်းတာ သားငယ် ကပိုအဆင်ပြေမှာ ပေါ့. ."

ဘာကိုဆိုလိုမှန်းသိကာ ဆန်းမျက်နှာဖြစ်သွား၏။

"ဘာမှ မဆိုင်တာကိုမေမေက. ."

"ဆိုင်တာပေါ့ကွ. . မင်းက ကောင်မလေးတွေနဲ့ သွားနေကျပဲ သူတို့

ဝယ်တာခြမ်းတာတွေ မင်းမျက်စိယဉ်နေမှာ ပေါ့. ."

ကိုကြီးပြောလိုက်မှ ပိုဆိုးကုန်တော့သည် ။

မေမေက ခပ်တည်တည်ပဲ သူ့ကိုကြည့်၍

"သားငယ်ကိုလည်း မေမေ မပြောလို့ မရတော့ဘူး ဖအေကလည်း မေမေ့ကို ပြောတာနှစ်ခါရှိပြီ၊ မင့်သား ကောင်မလေးတွေနဲ့ တအားတွဲနေတယ်တဲ့ ယောက်ျားလေးပဲဆိုပြီး ပစ်မထားနဲ့ ပြဿနာတက်မယ်တဲ့ . ."

"မဆိုင်ပါဘူးမေမေရာ. . ဆန်းက တွဲသွားတွဲလာပဲရှိတာ ဘယ်မိန်းကလေးကိုမှ မစော်ကားဘူး"

"စော်ကားတယ်ဆိုတာ သားကဘာကိုပြောတာလဲ။

မိန်းကလေးတစ်ယောက်ကို မချစ်ဘဲ လူသိရှင်ကြားဖြစ်အောင်တွဲသွားတွဲလာလုပ်ခဲ့ပြီးမှ ဖြတ်ချထားခဲ့တာ စော်ကားတာ မဟုတ်ဘူး လား. . .၊"

"တစ်ယောက်တည်းလူသတိထားမိအောင် တွဲနေတာမှ မဟုတ်ဘဲ၊ ဆန်းမှာ တွဲနေတဲ့ မိန်းကလေးတွေ အများကြီးပဲ. ."

"ဘုရားရေ. ."

ဒေါ်မေရီဆန်း ရင်ဘတ်ဖိတော့ ဆန်းကရယ်ကျဲကျဲလုပ်၍ ဆံပင်တစ်ချက်သပ်သည် ။

"မေမေကလည်း အဲဒါ သူတို့ သိတာပဲဟာ. ."

ဆန်းက ကျောင်းမှာ ကတည်းက ဘောလုံးအားကစားအသင်းတွေထဲက လက်ရွေးစင်ဖြစ်သည် ။

နာမည်လည်း ကျော်လာသည် ရုပ်ကလည်း ချောသည် ။

နဂိုကတည်းက မိန်းကလေးလှလှလေးဆို ခေါင်းထောင်ကြည့်တတ်သည့်သားဖြစ်သူ နိုင်ငံကျော်သွားမည့်အရေးအတွက် ကြိုတင်ရင်လေးကာ အားကစားမလုပ်ရဟု ဦးဆန်းမင်းအောင်က အပြင်းအထန်တားမြစ်၏။

ကောင်မလေးတွေက မိတ်ဆက်ကြ ဖုန်းဆက်ကြနှင့် တိုက်စစ်မှူးထူးထူးဆန်းဆိုသည့်အရှိန်က ခုထိတောင် လေပွေမွှေနေဆဲ။

"ဘယ်နေရာကြည့်ကြည့် မင့်သားမျက်နှာချည်းပဲ ကြည့်ကြပ်ဆုံးမဦးမေရီ. . ဒီကောင့်ကို ငါကိုင်ရရင် လက်ကပါရတော့မယ်"

ဦးဆန်းမင်းအောင် ကြိမ်းဝါးနေတာကြာပြီ. . .

"ဘာပဲဖြစ်ဖြစ် သားဆင်ခြင်ရမယ် ပြောလို့ မှ နားမထောင်ရင်တော့ သားကြီးကိုအိမ်ထောင်ချထားပေးဖို့ စီစဉ်နေတဲ့ ကိစ္စဟာ သားငယ်အတွက် ဖြစ်သွားလိမ့်မယ်"

"ဆန်းနဲ့ ဘာဆိုင်လို့ လဲ. ."

"ဆိုင်တာပေါ့. . မိန်းမပေးစားလိုက်ရင် သားဒီလိုပွေရှုပ်နေလို့ မတော့ဘူးလေ. ."

ဆန်းက အောက်မေးရိုးကို မသိမသာလှုပ်ခတ်မဲ့ရွဲ့ကာ. .

"ဆန်းမက်မောလောက်အောင် ဆွဲအားရှိတဲ့ မိန်းမမျိုးရှာပေးလေ. ."

"အံမာ လာသေးတယ်. . ကိုကြီးတောင် မေမေတို့ စီစဉ်ပေးတာကို နာခံမယ်လို့ ဆုံးဖြတ်ထားတာ မင်းကအတွန့်တက်စရာလား. ."

"ကိုကြီးက ကိုကြီး ညီကညီပဲ ရင်ခုန်လို့ မရတဲ့ မိန်းမကြီး ဘာလုပ်ဖို့

လဲ. ."

"ဩော် ဒါဆိုသားက မေမေတို့ ကို ဆန့်ကျင်ဖို့ အစီအစဉ်တွေ ရှိနေတယ်ပေါ့"

"ဟဲ. . ဟဲ မေမေကလည်း ညှိညှိနှိုင်းနှိုင်းပေါ့. . မေမေ့သား အဲသလောက် မမိုက်ပါဘူး. ."

ပြောချင်ရာပြောပြီးပြီဆို ဆန်းကလေပြည်ထိုးပြီ. . .

ဒီကောင်လေး အငယ်ဆုံးမို့ အလိုလိုက်ထားသမျှ ဆိုးကိုဆိုးတာပါ။

*** *** *** ***